# ဂျပန်သို့ပညာသင်သွားလိုသူများအတွက်

Okayama University Japan Educational Information Center(OJEIC) မှ ဂျပန်သို့ ပညာသင် သွားလိုသူများအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးနေပါသည်။ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် သတင်းအချက်အလက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ဗီဇာနှင့်တကွ အခြားနေထိုင်စားသောက်ရေး စသည့်မည် သည့်ကိစ္စရပ်မဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ဆွေးနွေး တိုင်ပင်မှုအားလုံး ကိုအခမဲ့ဝန်ဆောင်မှု ပေးပါသည်။

## Services and Activities

*ဂျပန်သို့ပညာသင်သွားလိုသူများအတွက် တိုင်ပင်ဆွေးနွေး ပေးခြင်း။

*ဂျပန်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကိုသိရှိနိုင်ရန်လမ်းညွှန်စာအုပ်များထားရှိခြင်း Facebookမှသတင်းပေးခြင်း စသည်ဖြင့် ပံ့ပိုး ပေးခြင်း။

*Study in Japan Fair ကျင်းပပေးခြင်း။

- မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊အထက်တန်းကျောင်းများအား ဂျပန်ပညာသင်ခြင်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ပေးခြင်း။
- ဂျပန်နိုင်ငံရှိတက္ကသိုလ်၊ကောလိပ်ကျောင်းများသို့ မြန်မာနိုင်ငံမှ ပညာသင်သွားရောက်မှု နှင့် အခြေခံပညာ အထက်တန်း ပညာရေး အချက်အလက်များ ပို့ဆောင်ပေးခြင်း။
- အခြားသော ပညာသင်ကျောင်းသား ဖလှယ်ရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း။






ဂျပန်နိုင်ငံအစိုးရပညာရေးဝန်ကြီးဌာနမှတာဝန်ပေးအပ်ထားသော

OKAYAMA UNIVERSITY JAPAN EDUCATIONAL INFORMATION CENTER, MYANMAR

R322A, Bldg-C, PearlCondo, Kaba Aye Pagoda Rd, Bahan Township, Yangon, MYANMAR

Find us on Facebook

OJEIC

Facebook: https://www.facebook.com/StudyinJapanOfficeYangon

Web: http://www.okayama-u.ac.jp/user/myanmar/index.html

# Study in Japan



ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ခြင်း နှင့်ပတ်သက်ပါက မည်သည့်ကိစ္စမဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

**အခမဲ့**

**Opening Days: Mon. to Sat.**
**(～2017.12　Mon. to Fri.)**

**Opening Hours:　9:00-17:00**

**Mon. Afternoon Tue. Morning (No appointment required)**
**Other times by appointment**

**Phone: 09261841054**

Okayama University
Japan Educational Information Center, Myanmar
(OJEIC)



## ဂျပန်တက္ကသိုလ်တက်ဖို့ဂျပန်စာအရည်အချင်းဘယ်လောက်လိုမလဲ

အင်္ဂလိပ်လို သင်ယူနိုင်တဲ့ မဟာတန်း၊ပါရဂူတန်း တွေရှိပေမဲ့ ဘွဲ့ကြိုသင်တန်းအများစုက ဂျပန်လို သင်ကြားတာဖြစ်လို့ဂျပန်စာ အရည်အချင်းစစ်စာမေးပွဲ N1(သို့) N2 အဆင့် ဂျပန်စာလိုအပ်ပါတယ်။အဲဒီ့အတွက်ဂျပန်ဘာသာ သင်တန်းကျောင်း ဒါမှမဟုတ်တက္ကသိုလ်က ဖွင့်လှစ်သင်ကြားတဲ့ နိုင်ငံတကာကျောင်းသားများ အတွက် အထူးသင်တန်း (Bekka) မှာ ဂျပန်ဘာသာကို သင်ယူနိုင်ပါတယ်။







## ကျောင်းက ဘယ်လိုရွေးရမှာလဲ

OJEIC မှာဂျပန်နိုင်ငံရှိကျောင်းအသီးသီး၏လမ်းညွှန်စာအုပ်များ များစွာထားရှိတဲ့အပြင် Study in Japan Coordinator နှင့်ဆွေးနွေးတိုင်ပင်ပြီး မိမိနှင့်ကိုက်ညီတဲ့ ကျောင်းကိုရွေးချယ်နိုင်ပါတယ်။OJEIC ရဲ့HP,Facebook များမှာ လည်း ဂျပန်ပညာသင်ဆိုင်ရာ အချက်အလက်များ ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Facebook:
https://www.facebook.com/StudyinJapanOfficeYangon
Web:
http://www.okayama-u.ac.jp/user/myanmar/index.html




## ကျောင်းစရိတ်ဘယ်လောက်ကုန်မလဲ

ဂျပန်မှာ ပညာသင်ဖို့ ကုန်ကျမယ့်စရိတ်က အမေရိကတို့အင်္ဂလန်တို့လောက်မများပါဘူး။ကျောင်းနဲ့သင်ယူမယ့်ဘာသာရပ်အလိုက် ကျောင်းစရိတ် အမျိုးမျိုးရှိပါတယ်။ နေထိုင်စားသောက် စရိတ်လည်း ဒေသပေါ်မူတည်ပြီး ကွာခြားပေမဲ့ တစ်ပြည်လုံး ပျမ်းမျှအနေနဲ့ တစ်လယမ်း ၈၀၀၀၀ (US800$)လောက်ပါ။ (၂၀၁၃JASSOစစ်တမ်းအရ) ကျောင်းလခသက်သာကင်းလွတ်ခွင့်စနစ်လည်းအခြား နိုင်ငံများနဲ့ ယှဉ်ရင်များပြားပါတယ်။ ကျောင်းသားတွေ ငွေကြေးမပူပင်ရဘဲ စိတ်အေးစွာ ပညာသင်နိုင်ဖို့ ပညာသင်ထောက်ပံ့ကြေး စနစ်အမျိုးမျိုးလည်း ရှိပါတယ်။ အသေးစိတ်ကို အခမဲ့ ဖြန့်ဝေတဲ့ Student Guide to Japan စာအုပ်မှာ ဖတ်နိုင်ပါတယ်။

## ဂျပန်ပညာသင်ကျောင်းသားတို့ရဲ့အသံ

ဂျပန်မှာ ဂျပန်ဘာသာ၊ယဉ်ကျေးမှုကို စနစ်တကျလေ့လာခွင့်ရခဲ့သလို နိုင်ငံ အသီးသီးက ပညာသင်ကျောင်းသားတွေနဲ့ တွေ့ဆုံခင်မင်ခွင့် ရခဲ့လို့ အမြင်ကျယ်ပြီး အသိုင်းအဝိုင်းကျယ်ပြန့် လာပါတယ်။(ဂျပန်ဘာသာနှင့်ယဉ်ကျေးမှုအဓိက မဟာဘွဲ့ရကျောင်းသူတစ်ဦး)

ဂျပန်မှာ သွားရေးလာရေး၊အစားအသောက်၊လူမှုပတ်ဝန်းကျင်လုံခြုံမှု အားလုံးအဆင်ပြေတယ်။လူတစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်အနိုင်ယူတာမျိုးမဟုတ်ဘဲ ပြဿနာတစ်ခုခု ဒါမှမဟုတ် စိန်ခေါ်မှုကို ရင်ဆိုင်တတ်လာတယ်။ဂျပန်လူမျိုးတွေရဲ့ကောင်းတဲ့ ဓလေ့တွေကို သိလာတယ်။နိုင်ငံတကာက ကျောင်းသားတွေနဲ့ ပေါင်းသင်းဆက်ဆံရတော့ အတွေးအခေါ်ကျယ်ပြန့်လာတယ်။အရှေ့တိုင်းရဲ့ ယဉ်ကျေးမှုကို အဆက်မပြတ်သလိုအနောက်တိုင်းရဲ့ဆန်းသစ်မှုကိုလည်းတွေ့ရတယ်။ (ဒုတိယနှစ် ပါရဂူတန်း အင်ဂျင်နီယာကျောင်းသား တစ်ဦး)